# (ခဲဓါတ်)–ကျွန်ုပ်အိမ်မပြောင်းခင် ဘာလုပ်ရမလဲ။

Akron Children's Hospital













## သင့်မိသားစုခဲဓါတ်အန္တာရယ်ကင်းစေရန်အတွက်စစ်ဆေးမှုစာရင်း

☐ **အိမ်တွင်ပျက်စီးမှုများကိုရှာဖွေပါ။**

နေရာအားလုံးတွင်နံရံသုတ်ဆေးများကွာခြင်း၊ပဲ့ခြင်းရှိ၊မရှိကိုစစ်ဆေးပါ။
(ပြတင်းပေါက်များ၊တံခါးများ၊ဆင်ဝင်များနှင့်အပြင်ဘက်)

☐ **ခဲဓါတ်မကင်းဝေးသောအိမ်ကိုရှာဖွေပါ။**

- ၁၉၇၈ ခုနှစ်နောက်ပိုင်းဆောက်လုပ်သောအိမ်
- ပြတင်းပေါက်အသစ်များ
- မကြာခင်ကပြန်လည်ပြုပြင်၊ဆေးသုတ်ထားသော

☐ **အိမ်ရှင်အားခဲဓါတ်အကြောင်းပြောပြပါ**

အိမ်တွင်ခဲဓါတ်ပြဿနာရှိသောကလေးနေခဲ့ခြင်းရှိ၊မရှိကိုစုံစမ်းပါ။အိမ်ရှင်မှင်္ငင်းသိရှိထားသောခဲဓါတ်အန္တာရယ်များအကြောင်းသင့်ကိုပြောပြရမည်။

☐ **အိမ်ရှင်မှသင့်ကိုပေးထားသောခဲဓါတ်နှင့်ပတ်သက်သည့်အချက်အလက်အားလုံးကို ဖတ်ကြည့်ပြီးသိမ်းဆည်းထားပါ။**

သင်သည်ခဲဓါတ်အခွင့်အရေးများနှင့်အခြားခဲဓါတ်နှင့်သက်ဆိုင်သောလက်ကမ်းစာစောင်များလက်ခံရရှိရမည်။လုံခြုံသောနေရာတွင်သိမ်းဆည်းထားပါ။

☐ **အိမ်အရောင်းအဝယ်၊အငှားစာချုပ်တွင်သင်လက်မှတ်မထိုးခင် အိမ်ရှင်အားသိရှိထားသည့်ခဲဓါတ်ဆိုင်ရာအန္တာရယ်များကိုပြုပြင်ပေးရန်ပြောဆိုပါ။**

အိမ်ရှင်မှပြင်ဆင်၊ဖယ်ရှားပေးရန်လိုအပ်သည့်ပြဿနာများအားလုံးကိုစာရင်းပြုစုပြီး တောင်းဆိုချက်ကိုစာဖြင့်ရေးသားပါ။နမူနာကြည့်ရန် **akronchildrens.org/lead** သို့သွားပါ။

☐ **သင်၏အရောင်းအဝယ်သို့မဟုတ်အငှားစာချုပ်ကိုသေခြာဖတ်ကြည့်ပါ။**

သင့်စာချုပ်တွင်သိရှိထားသောခဲဓါတ်အန္တာရယ်များသတိပေးဖေါ်ပြချက်ပါရှိရမည်။
အိမ်ရောင်းသူများမှခဲဓါတ်အန္တာရယ်များကိုစာချုပ်တွင်ဖေါ်ပြရန်ပျက်ကွက်လျင် တာဝန်မရှိသော်လည်း၊အိမ်ရှင်များမှထိုသို့ပြုလုပ်၍မရပါ။

☐ **သင်အိမ်ဝယ်လျင်ခဲဓါတ်စစ်ဆေးရန်အတွက်စစ်ဆေးသူကိုငှားရမ်းပါ။**

အိမ်ရှင်မှသင့်စာရိတ်ဖြင့်စစ်ဆေးရန်(၁၀)ရက်အချိန်ပေးရမည်။စစ်ဆေးသူများရှာဖွေရန်နှင့် အခြားအချက်အလက်များအတွက် **akronchildrens.org/lead** သို့သွားပါ။

အကူအညီလိုအပ်လျင်
**akronchildrens.org/lead** သို့သွားပါ။

မိတ်ဖက်ပူးပေါင်းဆောင်ရွက်သည်

Sherwin Williams

Community Legal Aid

# ခဲဓါတ်ရှိသောအိမ်တွင် သင်နေထိုင်ပါသလား။

Akron Children's Hospital



## သင်သည်အမြဲတမ်း

- [ ] သင့်ကလေးကိုစစ်ဆေးပေးရန်သင့်ကလေးဆရာဝန်ကိုပြောပါ။
- [ ] သင့်ကလေးခဲဓါတ်များသည့်အကြောင်းအရင်းကိုရှာဖွေပါ။




## သင်အိမ်ငှားနေလျှင်

- [ ] အကယ်၍သင့်ကလေးခဲဓါတ်များနေလျှင်သင့်အိမ်ရှင်အားပြောပြပါ။
- [ ] ပြင်ဆင်ရန်လိုအပ်သည်များကိုစာရင်းပြုစုပြီးသင့်အိမ်ရှင်ထံသို့စာဖြင့်အကြောင်းကြားပါ။မိတ္တူတစ်စောင်သိမ်းထားပါ။



- [ ] အိမ်ရှင်မှပြင်ဆင်ရန်များကိုငြင်းဆိုလျှင်အခမဲ့ဥပဒေအကြံပေးကိုရှာဖွေပါ။ **akronchildrens.org/lead** သို့သွားပါ။
- [ ] သင့်အခွင့်အရေးများကိုနားမလည်ဘဲအိမ်လခမပေးခြင်းမလုပ်ပါနှင့်။ သင့်အိမ်ရှင်မှပူးပေါင်းဆောင်ရွက်မှုမရှိလျှင်အိမ်ပြောင်းရန်စီစဉ်ပါ။ လိုအပ်သည်များကိုပြင်ဆင်ရန်တောင်းဆိုခြင်းကြောင့်သင့်ကိုအိမ်ရှင်မှ မောင်းထုတ်ခြင်းမပြုနိုင်ပါ။



## သင်အိမ်ပိုင်လျှင်

- [ ] သင့်ကလေးခဲဓါတ်များရခြင်းအကြောင်းကိုဖြစ်စေသောအရာများကိုပြင်ဆင်ရန် သင့်ထံတွင်တာဝန်ရှိသည်ကိုနားလည်ပါ။



- [ ] သင့်အိမ်တွင်ခဲဓါတ်အန္တရာယ်များစေသောအရာများကိုပြင်ဆင်ရန် စရိတ်မတတ်နိုင်လျှင်အကူအညီတောင်းခံပါ။ **akronchildrens.org/lead** တွင်အရင်းအမြစ်များနှင့်ချက်အလက်များသင်ထပ်မံရရှိနိုင်သည်။
- [ ] ပြင်ဆင်လျှင်ခဲဓါတ်ဖယ်ရှားရန်အတွက်ကျွမ်းကျင်ပညာရှင်များကို ငှားရမ်းပါ။ထောက်ခံမှုရရှိထားသောကျွမ်းကျင်ပညာရှင်များကို **akronchildrens.org/lead** တွင်သင်ရှာဖွေနိုင်သည်။

အကူအညီလိုအပ်လျှင်
**akronchildrens.org/lead** သို့သွားပါ။

မိတ်ဖက်ပူးပေါင်းဆောင်ရွက်သည်

Sherwin Williams

Community Legal Aid

8/19- 2778